လယ်တီဆရာတော် ၏ အဖြေထဲက ဗုဒ္ဓဘာသာဆိုသည်မှာ

မြန်မာနိုင်ငံ အင်္ဂလိပ်ခေတ်အခါက လယ်တီဆရာတော်ဘုရားကြီး အမြို့မြို့ အနယ်နယ်ကိုလှည့်လည် တရားဟောပြောစဉ် ဇီးကုန်းကြီးမြို့ ခရစ်ယန်ဘာသာအသင်းမှ မေးလျှောက်ချက် ၁၆ ချက် ကို လယ်တီဆရာတော်ကြီး ဖြေဆိုထားတဲ့ဖြေဆိုချက်များထဲမှ ထုတ်နုတ်တင်ပြသည်။

၉။ မေး။ ။ ရှင်ဂေါတမ မပေါ်ထွန်းမီ မာဂဓတိုင်းတွင် ဘယ်ဘာသာများရှိပါသနည်း။
ရှင်ဂေါတမပေါ်ထွန်းပြီးမှဘယ်ဘာသာများရှိပါသနည်း။
ရှိသောဘာသာများကိုအတိုချုပ်ပြပါ။

ဖြေ။ ။ ထိုအခါ၌ မာဂဓတိုင်းတွင် အကျဉ်းအားဖြင့် ကြိယဘာသာ၊ အကြိယဘာသာဟူ၍ နှစ်ပါးရှိ၏။....
အကျယ်အားဖြင့် ၉၃ ပါးရှိ၏။ ကြိယဘာသာဆိုသည်ကား ဒါနသီလ စသော သုစရိုက်မှုကိုပြုခဲ့လျှင် နောက်ဘဝ၌ကောင်းကျိုးချမ်းသာကိုရ၏။
အသက်ရှိသောသတ္တဝါကိုသတ်ခြင်း အစရှိသော ဒုစရိုက်မှုကို ပြုခဲ့လျှင် နောက်ဘဝ၌မကောင်းဒုက္ခကိုခံရ၏ ဟူသော အယူဘာသာတည်း။
အကြိယဘာသာ နှစ်ပါးရှိ၏။
ဣဿရနိမ္မာန ဘာသာတစ်ပါး။ အဟေတုကဘာသာတစ်ပါး။
ဣဿရနိမ္မာန ဘာသာ ဆိုသည်ကား လောက၌ ကောင်းကျိုးမကောင်းကျိုးဟူသမျှကို ထာဝရဘုရား သည်သာပြုလုပ်နိုင်၏။
မကောင်းကျိုးကိုလည်းကောင်း၊ ကောင်းကျိုးကိုလည်းကောင်း ထာဝရဘုရား ကသာပေးနိုင်၏။ မိမိဘာသာပြုလုပ်ယူ၍မရ။
အဟေတုကဘာသာသည်ကား လောက၌ ကောင်းကျိုး မကောင်းကျိုး တို့သည် ကုသိုလ်ကံ၊ အကုသိုလ်ကံကြောင့် ဖြစ်သည်လည်းမဟုတ်။ ထာဝရဘုရားက ပေးသည်လည်းမဟုတ်။ အခြေအနေအရ ဘောက်သောက်လျောက်လျား သာဖြစ်၏

ဟူသောအယူဘာသာ။
ရှင်ဂေါတမပေါ်ထွန်းလာသော အခါ၌ ဗုဒ္ဓဘာသာ တိုး၏။ဗုဒ္ဓဘာသာဆိုသည်ကား ကြီးယာဘာသာပင် ဖြစ်၏။ ရှေးအခါ၌ ရှိခဲ့သော ကြီးယာဘာသာသည် သံသရာအတွင်း၌သာကောင်း၏။ သံသရာကိုလွန်၍ မသွားနိုင်။ ဗုဒ္ဓဘာသာသည်ကား သံသရာ၌ လည်းကောင်း၏။ သံသရာကိုအလိုမရှိသောအခါ၌ သံသရာ ကိုလွန်နိုင်၏။

၁၀။ မေး။ ။ ရှင်ဂေါတမ၏ ဘိုးဘွားမိတ်ဆွေတို့ ကိုးကွယ်သော ဘာသာသည် အဘယ်ဘာသာနည်း။

ဖြေ။ ။ ရှင်ဂေါတမ၏ ဘိုးဘွားမိတ်ဆွေတို့ ကိုးကွယ်သော ဘာသာမှာ ကံမကြီးယာဘာသာပေတည်း။ (မိမိပြုသမျှကံနှင့် ကံ၏အကျိုးကိုယုံကြည်သောဘာသာမျိုး) ဖြစ်ပါသည်။ (ထိုဘာသာဝင် လူတို့သည် ယခုဘဝ၊နောက်ဘဝ ကံကောင်းအောင် မကောင်းမှုကိုရှောင်ကျဉ် ပြီး ၊ ဒါနအမှု၊ သီလအမှုအစရှိသော ကောင်းမှုတို့ကိုကျင့်ကြံကြ၏။ အချိန်တန် အရွယ်ရောက်လျှင် တောထွက်ပြီးလျှင် သမထ၊ သမာဓိ၊ ဈာန် တရားတို့ကိုကျင့်ကြံကြသည်။) သီလဝိသုဒ္ဓိ (သီလစင်ကြယ် ၊ သီလကိုပိုင်နိုင်ပါက) သေသည်၏နောက်၌ လူ့ဘုံလူ့ဘဝ၊ နတ်ဘုံနတ် ဘဝကို ရရှိနိုင် ၏။ စိတ္တဝိသုဒ္ဓိ ( သမထ နှင့် သမာဓိ ၊ဈာန် အဘိညာဏ် တို့ကို ပိုင်နိုင်အောင်ကျင့်ကြံ အားထုတ်နိုင်ပါက) သေသည်၏နောက်၌ ဗြဟ္မာဘုံသို့ ရောက်နိုင်၏။
(ဘုရားမဖြစ်ခင်ကကြုံခဲ့ဖူးသော ကောဋ္ဌဒေဝီဋ္ဌ ရသေ့၊ အာဠာရ ရသေ့၊ ဥဒက ရသေ့တို့မှာ စိတ္တ ဝိသုဒ္ဓိ ဖြစ်သောပုဂ္ဂိုလ်များဖြစ်ပါသည်။)

၁၁။မေး။ ။ ရှင်ဂေါတမသည် ဘိုးဘွားမိဘတို့၏ဘာသာကို အဘယ်ကြောင့်စွန့်လွှတ်လိုပါသနည်း။

ဖြေ။ ။ ရှင်ဂေါတမသည် ဘိုးဘွားမိဘတို့၏ဘာသာကို လုံးဝစွန့်လွှတ်သည်မဟုတ်။ ထိုကံမကြီးယာဘာသာကို အရင်းမူလထားပြီး ၊ ထိုဘာသာမှအထက်ကို အဆင့်ဆင့်တိုးတက်ရန်နည်းလမ်း ၊ သံသရာနယ်ကိုလွန်နိုင်သည့်နည်းလမ်းတို့ကို၊

အမှန်အကန်သိမြင်နိုင်သော သဗ္ဗညုတဉာဏ်ကို
ပေါက်မြောက်အောင်ကျင့်ဆောင်တော်မူ၍
သဗ္ဗညုတဉာဏ်ကိုပေါက်မြောက်တော်မူသဖြင့် ထိုမိဘဘိုးဘွားတို့၏ဘာသာကို
ပထမတန်း၊ ဒုတိယတန်း ထားတော်မူပြီးလျှင် တတိယတန်းမှစ၍
အထက်ငါးတန်းတို့ကို ကိုယ်တိုင်ပေါက်ရောက်အောင်
ကျင့်ဆောင်ထမြောက်တော်မူသဖြင့် ၊ သတ္တဝါအများ တို့ကိုလည်း
ကျင့်ဆောင်ကြစေခြင်းငှာ၊ ဗုဒ္ဓ ဘာသာတရားတို့ကိုဟောကြားတော်မူပေသတည်း။
တန်း ၇ တန်း ၊ အဆင့် ၇ဆင့်တို့မှာ
၁. သီလ ဝိသုဒ္ဓိ
၂. စိတ္တ ဝိသုဒ္ဓိ
၃. ဒိဋ္ဌိ ဝိသုဒ္ဓိ
၄. ကင်္ခါဝိတရဏ ဝိသုဒ္ဓိ
၅. မဂ္ဂါ မဂ္ဂ ဉာဏဒဿန ဝိသုဒ္ဓိ
၆. ပဋိပဒါ ဉာဏဒဿန ဝိသုဒ္ဓိ
၇. လောကုတ္တရာ ဉာဏဒဿန ဝိသုဒ္ဓိ
တို့တည်း။
ပထမအဆင့်၊ ဒုတိယအဆင့် ကုသိုလ်ကံ တို့သည် လူလောက၊ နတ်လောက၊ ဗြဟ္မာ
လောကတည်းဟူသော သံသရာလောက ကြီးထဲ၌ အလွန်ကြီးကျယ်သော
ဘုန်းတန်ခိုးကိုဖြစ်စေနိုင်၏။
သို့ရာတွင် အမြင့်ဆုံးဖြစ်သော ဗြဟ္မာတို့ပင်လျှင် လောဘ၊ ဒေါသ၊ မောဟ
အမိုက်တရား ၃ပါး ။ ဒိဋ္ဌိ၊ မာန ၊ ဣဿာ ၊ မစ္ဆေရ အစရှိသော အမိုက်တရားတို့ ကို
လုံးလုံးမစွန့်နိုင်သေး။
ထို့ကြောင့် သံသရာလောကကို မလွန်နိုင်ကြကုန်။ အိုခြင်း သေခြင်း စုတေခြင်း ၊
အပါယ်လေးပါး သို့ တဖန်ပြန်လည်ကျရောက်ခြင်း တို့ရှိနေသေး၏။
ထို့ကြောင့် ငါတို့မြတ်စွာဘုရားသည် (ပထမ နှင့် ဒုတိယ တန်းနှစ်တန်းကိုအရင်းမူလ
လိုက်နာကျင့်ကြံအားထုတ်ရုံမျှမက)
ကျန်သည့်အတန်းငါးတန်းကိုပေါက်မြောက်အောင် ကျင့်ကြံကြရန်ဟောပေသတည်း။

ဗုဒ္ဓဘာသာ ၌ သီလဝိသုဒ္ဓိ ဖြစ်ခြင်းသည် ပထမတန်း အဆင့် ကိုရောက်ပြီဟု

လယ်တီဆရာတော် အဖြေ၌တွေ့ရပြီ။
ဘုရားမပွင့်မီ ကာလက သီလဂိသုဒ္ဓိသည် သာသနာပ သီလဖြစ်၏။
ယနေ့ခေတ် အခါ သီလဂိသုဒ္ဓိဖြစ်သော်သာသနာတွင်း ဖြစ်သဖြင့် သာ၍ သာ၍ မြင့်မြတ်၏။
သို့သော် ပထမတန်းအဆင့် ရောက်ရန် မလွယ်။
အခြေခံ သီလ ဖြစ်သော ငါးပါးသီလ (ကိုယ်ကျင့်တရား) ကို လုံခြုံအောင် စောင့်ထိမ်းနိုင်ပါမှ သူငယ်တန်းအဆင့်လောက်ရောက်နိုင်မည်။
ကျွန်ုပ်တို့သည် ယနေ့မှစ၍ ဗုဒ္ဓဘာသာ သူငယ်တန်း အဆင့် ရောက်အောင် ကြိုးစားကြပါစို့
လေးစားစွာဖြင့်